# ပေါလုနှင့် ဗာနဗ

YR C
NO. 8

**အလွတ်ကျမ်းချက်။ ။ တမန်တော်ဝတ္ထု ၂၆း၁၈**

"သင်သည် ယခုမြင်ရသောအကြောင်းအရာတို့နှင့်၊ နောက်မှ ငါသည်သင့်အား ထင်ရှားလတံ့သော အကြောင်းအရာတို့မှာ၊ အမှုဆောင်ရွက်သောသူ၊ သက်သေခံသောသူအရာ၌ သင့်ကိုခန့်ထားစေခြင်းငှါ ငါသည်သင့်အား ထင်ရှား၏။ တပါးအမျိုးသားတို့သည် မှောင်မိုက်မှ အလင်းသို့ ကူးမြောက်၍၊ စာတန်၏အာဏာထဲမှ ဘုရားသခင့် အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်း ကျေးဇူးကို ခံရမည်အကြောင်းနှင့်၊ ငါ့ကို ယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောသူတို့နှင့် ဆက်ဆံ၍ အမွေခံရမည်အကြောင်း၊ သူတို့၏မျက်စိကိုဖွင့်စေခြင်းငှါ သူတို့ဆီသို့ သင့်ကို ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။"



## တနင်္ဂနွေနေ့ ၊ ခရစ်ယာန်များဟု ပထမအကြိမ်အခေါ်ခံရခြင်း (တမန်တော်ဝတ္ထု ၁၁း၁၉-၂၆) ၁

ညဉ်းပမ်းနှိပ်စက်ခြင်းသည် ယေရုရှလင်မြို့၌ စတင်သောအခါ ယေရှုခရစ်ကို ယုံကြည်သောသူများတို့သည် မြို့မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် နေရာအသီးသီးသို့ ထွက်သွားခဲ့ကြပြီး၊ ယေရှုခရစ်တော်အကြောင်းဖြစ်သည့် ဧဝံဂေလိသတင်းစကားကို ဟောပြောနေခဲ့ကြ၏။ ထိုအတွက်ကြောင့်၊ ယုံကြည်သူများအစုအဖွဲ့တို့သည် ဣသရေလတိုင်းပြည်၏အပြင်ဘက်၌ ရှိသော မြို့များ၌ အခြေချနေထိုင်ခဲ့ကြ၏။

ရောမအင်ပါယာအုပ်ချုပ်သည့်ကာလ တောက်လျှောက် ယုဒလူမျိုးများသည် အများအားဖြင့် မြို့များထဲ၌နေထိုင်ခဲ့ကြသည်။ ယုံကြည်သူများသည် အများအားဖြင့် ထိုလူများတို့ကြားတွင်သာ အလုပ်လုပ်ကိုင်နေခဲ့ကြသည်။ တပါးအမျိုးသားများ (ယုဒလူမျိုး မဟုတ်သော လူမျိုးများအားလုံး) ထံသို့ ဧဝံဂေလိသတင်းစကား ဟောပြောခြင်းလုပ်ငန်းသည် စိတ်အားထက်သန်စွာဖြင့် မစတင်ခဲ့သေးချေ။

ယေရုရှလင်မြို့မြောက်ဘက် ၃၂၀ မိုင်ခန့်တွင် ရှုရိပြည် အန္တိအုတ်မြို့တည်ရှိ၏။ ထိုမြို့သည် ကြီးသောမြို့ဖြစ်သည်နှင့် ချမ်းသာသောမြို့လည်းဖြစ်၏။ စီးပွားရေးလုပ်ငန်းဖြစ်သည့် ကုန်သွယ်ရေးလုပ်ငန်းအတွက် အချက်အချာကျသည့် အရေးကြီးသောမြို့တစ်မြို့ဖြစ်သည်။ ယုံကြည်သူအချို့တို့သည် အန္တိအုတ်မြို့သို့ ရောက်လာကြသောအခါ ယေရှုခရစ်တော်အကြောင်းကို စတင်ဟောပြောခဲ့ကြ၏၊ သူတို့သည် အဘယ်မျှလောက် အောင်မြင်ခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၁၁း၂၀၊ ၂၁။

ယေရုရှလင်မြို့၌ရှိသော တပည့်တော်တို့သည် ထိုအကြောင်းကို ကြားသိသောအခါ အသင်းတော်အသစ်တစ်ခု တည်ထောင်ကူညီဖို့ရန် ဗာနဗအားစေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြ၏။ သူ၏ကြိုးစားခြင်းများကို ဘုရားသခင်သည် အဘယ်သို့ကောင်းချီးပေးခဲ့သနည်း။ အငယ် ၂၃၊ ၂၄။

အန္တိအုတ်မြို့၌ရှိသောအသင်းတော်သည် တိုးတက်လာသည်နှင့်အမျှ၊ ဗာနဗသည် သူ့အကူအညီပို၍ လိုအပ်ကြောင်း သိရှိခဲ့သည်။ ထို့ကြောင့် သူသည် ပေါလုကို သွားတွေ့ရန် တာရှုမြို့သို့ သွားလေ၏။ တာရှုမြို့သည် ပေါလု၏ဇာတိမြို့ဖြစ်၏။ ပေါလုသည် သူပြောင်းလဲပြီးနောက် ယေရုရှလင်မြို့၌ရှိစဉ် ဘာသာရေးခေါင်းဆောင်တို့သည် သူ့အားသတ်ဖို့ ကြိုးစားခဲ့သောအခါ သူသည် မိမိဇာတိတာရှုမြို့သို့ ပြန်လာခြင်းဖြစ်သည်။ (တမန်တော်ဝတ္ထု ၉း၂၆-၃၀)။ ဗာနဗသည် ပေါလုနှင့်တွေ့သောအခါ၊ အန္တိအုတ်မြို့၌ရှိသော အသင်းတော်ကို ကြည့်ရှုရန် လာ၍ကူညီဖို့ရန် သူသည် ပေါလုအား ဖြောင်းဖျခဲ့လေ၏။ ထို့နောက် နောက်နှစ်တွင် ထိုနေရာ၌ သူတို့နှစ်ယောက်သည် အတူတကွ လုပ်ဆောင်ခဲ့ကြ၏

အန္တိအုတ်မြို့သည် ယေရှုခရစ်တော်ကို ယုံကြည်သူများအား ခရစ်ယာန်ဟူ၍ ပထမဦးဆုံးအမည်ပေးစတင်ခေါ်ခဲ့သော မြို့ဖြစ်သည်။ အန္တိအုတ်မြို့သူမြို့သားများသည် ယုံကြည်သူများကို ခရစ်ယာန်ဟုခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ယေရှုခရစ်တော်အကြောင်းကို ဟောပြောနေသောကြောင့်၊ ခရစ်တော်အကြောင်းသွန်သင်ခြင်း၊ ခရစ်တော်အကြောင်းပြောပြခြင်းနှင့် ခရစ်တော်၏အမည်နာမ၌သာ ဘုရားသခင်ထံသို့ ဆုတောင်းခဲ့ကြသောကြောင့် ဖြစ်သည်။ ယေရှုခရစ်တော်သည် သူတို့အတွက် ကောင်းကင်၌ အမှုလုပ်ဆောင်တော်မူသည်နည်းတူ၊ သူတို့သည် ခရစ်တော်၏သာသနာ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို ဘယ်တော့မှ မောပန်းခြင်းမရှိ ဟောပြောခဲ့ကြ၏။ ထို့ကြောင့် ခရစ်ယာန် ဟု သူတို့အား ခေါ်ဝေါ်ခြင်းသည် အံ့သြဖွယ် မဟုတ်ချေ။

**လက်တွေ့ကျင့်သုံးရန်** - အကယ်၍ လူများက သင်အများဆုံးပြောနေသောအကြောင်းနှင့်ပတ်သတ်၍ သင့်ကို နာမည်သမုတ်မည် ဆိုလျှင်၊ သူတို့က သင့်အား ခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု ခေါ်မည်လား။

## တနင်္လာနေ့ ၊ သာသနာအတွက် ဆက်ကပ်ခြင်း (တမန်တော်ဝတ္ထု ၁၁း၂၇-၃၀၊ ၁၃း၁-၅) ၂

ပေါလုနှင့် ဗာနဗတို့သည် အန္တိအုတ်မြို့၌ ခရစ်ယာန်အသင်းတော်ကို တည်ထောင်ခြင်းအတွက် တစ်နှစ်တိတိ အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ ထို့နောက် ယေရုရှလင်မြို့မှ အာဂဗုအမည်ရှိသော ပရောဖက်တစ်ယောက်သည် အန္တိအုတ်မြို့သို့ ရောက်လာလေ၏။ သူသည် ကြောက်စရာကောင်းသော အစာငတ်မွတ်ခေါင်းပါးမှုဖြစ်မည်ဟု ဟောခဲ့လေ၏။ အန္တိအုတ်မြို့၌ရှိသော ခရစ်ယာန်များသည် ယေရုရှလင်မြို့၌ရှိသော ယုံကြည်သူများအား အဘယ်သို့ကူညီခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၁း၂၉၊ ၃၀။

သို့သော် ပေါလုသည် သူ၏အရေးကြီးသောအလုပ်သည် ယုဒလူမျိုးများထံ ဟောပြောဖို့ရန် မဟုတ်ကြောင်းကို သိခဲ့၏။ သူသည် ဒမာသက်မြို့သို့သွားသောလမ်း၌ရှိနေစဉ်၊ ယေရှုခရစ်တော်သည် တပါးအမျိုးသားများထံ ဧဝံဂေလိသတင်းဟောပြောရန် သူ့အား တာဝန်ပေးခဲ့သည်။ (တမန်တော်ဝတ္ထု ၂၆း၁၅-၁၈)

ကို သတိရခဲ့ကြ၏။ ရှင်မသဲခရစ်ဝင် ၅း၁၁၊ ၁၂ ကို ဖတ်ပါ။



ပေါလုနှင့် ဗာနဗတို့သည် ပိသိဒိပြည်အန္တိအုတ်မြို့မှ ထွက်သွားပြီးနောက်၊ သူတို့သည် သူတို့၏ ခြေမှ ဖုန်ကိုခါချခဲ့ကြ၏။ သူတို့သည် အဘယ်ကြောင့် ထိုသို့ပြုသနည်း။ သခင်ယေရှုက တပည့်တော်များအား ကယ်တင်ခြင်းသတင်းစကားကို ငြင်းပယ်သော အိမ်တစ်အိမ် သို့မဟုတ် မြို့တစ်မြို့မှ ထွက်ခွာသွားသောအခါ ထိုအရာကို ပြုလုပ်ရန် မိန့်မှာခဲ့သည်။ ရှင်မသဲခရစ်ဝင် ၁၀း၁၄၊ ၁၅။

၎င်းသည် တရားစီရင်သောကာလ၌ သူတို့တဘက်၌ သက်သေတစ်ခု အဖြစ်ရှိနေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ယေရှုအကြောင်းနှင့်ပတ်သတ်သော ဧဝံဂေလိဝမ်းမြောက်စရာသတင်းစကားကို ကြားခဲ့ရသော်လည်း ၎င်းကို ငြင်းပယ်ဖို့ရန် ရွေး ချယ်ခဲ့ကြသောကြောင့်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်** - ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂရုစိုက်စွာ လေ့လာခဲ့မည်ဆိုလျှင်၊ ကျွန်ုပ်တို့ သိသောအရာအားလုံးအတွက်နှင့် ကျွန်ုပ်တို့ သိနိုင်ခဲ့သောအရာအားလုံးအတွက် တာဝန်ရှိသည်။ ကျွန်ုပ်တို့သိသောအရာအားလုံး မှန်ဖို့ အမြဲတမ်း ရွေးချယ်ကြပါစို့။

## သောကြာနေ့ ၊ လုတ္တရမြို့နှင့် ဒေရဗေမြို့၌ (တမန်တော်ဝတ္ထု ၁၄း၁-၂၆) ၆

ပေါလုနှင့် ဗာနဗသည် ပိလိဒိပြည်အန္တိအုတ်မြို့မှ ထွက်သွားဖို့ရန် နှင်ထုတ်ခံခဲ့ရပြီးနောက်၊ အရှေ့ဘက်၌ရှိသော မိုင် ၉၀ ခန့်ဝေးသော ဣကောနိမြို့သို့ သွားရောက်ခဲ့၏။ တဖန်၊ ယုဒလူမျိုးများကို သူတို့၏ တရားဇရပ်၌ တရားဟောခြင်းဖြင့် စတင်ခဲ့သည်။ ယုဒလူမျိုးများနှင့် ဟေလသလူမျိုးများတို့၏ လူအုပ်ကြီးတစ်ခုလုံးသည် ယုံကြည်ခြင်းသို့ ရောက်ကြလေ၏။ နောက်ထပ်တဖန်၊ များစွာသောယုဒလူမျိုးများသည် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံရန် ငြင်းပယ်ခဲ့ကြပြီး၊ ပြဿနာ မွှေနှောက်ခဲ့ပြန်၏။ ထို့နောက် ဣကောနိမြို့၌ ဘာဖြစ်ပျက်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၄း၂-၆။

ထို့နောက်၊ ပေါလုနှင့် ဗာနဗတို့သည် ဣကောနိမြို့၏ အ နောက်တောင်ဘက် မိုင် ၂၀ခန့်တွင် တည်ရှိသော လုတ္တရမြို့သို့ သွားခဲ့၏။ တစ်နေ့ ပေါလုသည် ထိုနေရာ၌ တရားဟောနေစဉ်၊ ပေါလုသည် အမိဝမ်းတွင်းကပင် ခြေမစွမ်းသော လူတစ်ယောက်ကို သတိထားမိခဲ့သည်။ သူသည်ပေါလု၏တရားဟောပြောခြင်းကို ဂရုတစိုက် နားထောင်ခဲ့သည်။ ပေါလုသည် သူ့အား ဘာပြောခဲ့သနည်း။ အငယ် ၈-၁၀။

လုတ္တရမြို့သည် မိစ္ဆာဒိဋ္ဌိသ၌ ပေါများသောမြို့ဖြစ်၏။ ထိုမြို့ရှိ မြောက်များစွာသောလူများသည် အခြားသောဘုရားများကို ကိုးကွယ်ခဲ့လေ၏။ ပေါလုနှင့် ဗာနဗတို့သည် သူတို့အား စစ်မှန်သောဘုရားသခင်တစ်ပါးတည်းသာရှိသည့်အကြောင်းကို ဇွဲရှိရှိသွန်သင်ခဲ့ကြလေ၏။ သို့သော် သူတို့သည်ခြေမစွမ်းသောလူကို ပေါလုကုသည်ကို တွေ့သောအခါ ပေါလုနှင့် ဗာနဗတို့ကို သူတို့၏ ဘုရားများ ဖြစ်သည်ဟု ထင်ခဲ့ကြသည်။ သူတို့သည် ဘာကို လုပ်ဆောင်ရန် အသင့်ရှိနေကြသနည်း။ အငယ် ၁၃။ ပေါလုနှင့် ဗာနဗတို့သည် သူတို့ လုပ်ဆောင်မည့်အရာကို တွေ့မြင်သောအခါ အမှန်တကယ် ကြောက်လန့်ခဲ့သည်။ သူတို့နှစ်ဦးသည် လူများကို ရပ်တန့်ဖို့ တိုက်တွန်းနိုင်ရုံမျှသာ အောင်မြင်ခဲ့တော့သည်။

သိပ်မကြာမီတွင် ပိလိဒိပြည်အန္တိအုတ်မြို့နှင့် ဣကောနိမြို့မှ ယုဒလူမျိုးများသည် လုတ္တရမြို့၌ ရောက်လာခဲ့ကြ၏။ သူတို့သည် ပေါလုနှင့် ဗာနဗတို့က ဘုရားများဖြစ်ကြောင်း ထိုမြို့၌ရှိသော လူများကို လွယ်ကူစွာ ယုံကြည်စေခဲ့သည်။ သို့သော် အမှန်တကယ်မှာ သူတို့နှစ်ဦးကို အသေသတ်ဖို့ရန်သာ ဖြစ်သည်။ ထို့နောက် သူတို့သည် ဘာလုပ်ဆောင်ခဲ့သနည်း။ အငယ် ၁၉။

ယုံကြည်သူများတို့သည် မြို့ပြင်၌ရှိသော ပေါလု၏ခန္ဓာကိုယ်ပတ်လည်၌ ဝမ်းနည်းစွာ စုရုံးလာခဲ့ကြ၏။ သို့သော် ပေါလုသည် ရုတ်တရက် မတ်တပ်ထလာသောအခါတွင် သူတို့သည် အဘယ်မျှလောက် အံ့သြမည်နည်း။ နောက်တစ်နေ့ ပေါလုနှင့် ဗာနဗတို့သည် လုတ္တရမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ အထက်ဝေးသောနေရာ၌တည်ရှိသော ဒေရဗေမြို့သို့ ထွက်သွားလေ၏။

ဒေရဗေမြို့၌ အချိန်တော်တော်ကြာ သာသနာပြုပြီးနောက်၊ ပေါလုနှင့် ဗာနဗတို့သည် သူတို့တည်ထောင်ခဲ့သောအသင်းတော်များအားလုံးထံနှင့် သူတို့သွားခဲ့သော ခြေရာအတိုင်း ပြန်၍ အလည်အပတ်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် သူတို့၏ ခရီးစဉ် စတင်ခဲ့သည့်အတိုင်း တဖန် လုတ္တရမြို့၊ ဣကောနမြို့၊ အန္တိအုတ်မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ ပြန်ကြ၏။

**လက်တွေ့ကျင့်သုံးရန်** - ပေါလုနှင့် ဗာနဗတို့သည် သူတို့၏ ပထမသာသနာပြုခရီးစဉ်၌ အဘယ်မျှလောက်များစွာသော ဆန့်ကျင် တိုက်လှန်ခြင်းတို့ကို သူတို့ရင်ဆိုင်ခဲ့ကြသနည်း။ သူတို့၏နေရာ၌ သင်အနေဖြင့်ဆိုလျှင်၊ သစ္စာရှိသောသူအဖြစ်နှင့် ကျန်ခဲ့မည်လား။ သင့်မိတ်ဆွေများကြားတွင်သော်လည်းကောင်း၊ သင့်မိသားစု၌သော်လည်းကောင်း၊ ယခု သင်သည် ယေရှုခရစ်တော်ကို သစ္စာရှိသောသူ ဖြစ်နေပါသလား။



ထိုအချိန်ထိတိုင်၊ တပါးအမျိုးသားများထံ ဧဝံဂေလိသတင်း ဟောပြောဖို့ရန် မည်သည့်အဖွဲ့အစည်း၏လုပ်ဆောင်မှုတစ်ခုမျှ မရှိသေးပေ။ သို့သော် ယခုအချိန်၌၊ ဟောပြောဖို့ရန် အချိန်ရောက်နေပြီဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အန္တိအုတ်မြို့ရှိ အသင်းတော်ခေါင်းဆောင်များအချို့အား အထူးသောသတင်းစကားတစ်ခု ယူလာပေးခဲ့လေ၏။ ဘာသတင်းဖြစ်မည်နည်း။ သူတို့သည် ဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၃း၁-၃။



ဘုရားသခင်က သူတို့ကိုခေါ်တော်မူသည်နှင့်အညီ သာသနာအမှုဆောင်အသင်းတော်မှ အသိအမှတ်ပြုသဘောတူခြင်းအားဖြင့် ချက်ချင်း ပေါလုနှင့်ဗာနဗတို့သည် သူတို့၏ပထမသာသနာခရီးစဉ်ကို စတင်ခဲ့သည်။ အန္တိအုတ်မှထွက်သွားပြီး၊ သဘော် စီးနင်းခဲ့ကြပြီး၊ ၁၄၀ မိုင်ခန့်ဝေးသော အနောက်တောင်ဘက်သို့ လွင့်ခဲ့ကြသည်။ ကုပရုကျွန်း၏အရှေ့ဘက် ရှာလမိမြို့သို့ ရောက်ခဲ့ကြ၏။ ထိုကျွန်းသည် ဗာနဗကြီးပြင်းခဲ့သောနေရာဖြစ်သည် (တမန်တော်ဝတ္ထု ၄း၃၆)၊ ထို့ကြောင့် သူတို့၏သာသနာအမှုကိုအစပြုရန် အကောင်းဆုံးနေရာ တစ်ခုဖြစ်ခဲ့သည်။

ပေါလုနှင့် ဗာနဗနှင့်အတူ ငယ်ရွယ်သေးသော မာကုအမည်ရှိသော ယောဟန်သည်လည်းရှိခဲ့သည်။ သူသည် ဗာနဗနှင့် အမျိုးတော်စပ်သူဖြစ်ပြီး၊ သူ၏မိခင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်လာခဲ့၏။ သူမသည် ယေရုရှလင်၌ နေဖူးခဲ့သူဖြစ်ပြီး၊ တပည့်တော်များ ဝင်လာရန် သူမ၏အိမ်ကိုလည်းဖွင့်ပေးခဲ့သည်။ (တမန်တော်ဝတ္ထု ၁၂း၁၂) မာကုသည် ပေါလုနှင့်ဗာနဗတို့၏ သာသနာခရီးစဉ်၌ ပါဝင်ချင်ခဲ့၏။ ထို့နောက် ခွင့်ရပြီး သူတို့နှင့် ပူးပေါင်းလိုက်သွားခဲ့၏။

ရှာလမိမြို့မှပေါလုနှင့်ဗာနဗတို့သည် မိုင်၁၀၀ လောက်ဝေးသောကျွန်းကို ဖြတ်၍ အနောက်ဘက်သို့ သွားပြီး၊ သူတို့သွားခဲ့သည်နှင့် တရားဇရပ်များထဲတွင် တရားဟောခဲ့ကြ၏။ နောက်ဆုံး၌ သူတို့သည် ကုပရုမြို့၏ အနောက်ဘက်၌ရှိသော ပါဖုမြို့သို့ ရောက်လေ၏။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်သည် ပေါလုအား တပါးအမျိုးသားများသို့ ဧဝံဂေလိသတင်းစကားဟောပြောခြင်း အထူးတာဝန်ကို ပေးထားခဲ့သည်။ ယခုသင်ရှိနေသောနေရာ၌ ဘာလုပ်ဆောင်ဖို့ရန် ဘုရားသခင်သည် သင့်အား ခေါ်နေပါသလဲ။ သင်၏အနာဂတ်မှာ လုပ်ဆောင်ဖို့ရန် ဘုရားသခင်သင့်အား တောင်းဆိုနေသော အရာအတွက် သင်ပြင်ဆင်နေပြီးပြီလား။

## အင်္ဂါနေ့ ၊ မာကု မိမိအိမ်သို့ ပြန်လာခြင်း (တမန်တော်ဝတ္ထု ၁၃း၆-၁၃) ၃

ပေါလုနှင့် ဗာနဗတို့သည် သူတို့၏ပထမသာသနာခရီးစဉ်၌ ရှိနေခဲ့ကြသည်။ သူတို့သည် ကုပရုကျွန်း၏အနောက်ဘက် ပါဖုမြို့သို့ ရောက်လာခဲ့ကြသည်။ ပါဖုမြို့၌ ကုပရုမြို့၏မင်းသေရဂိပေါလု ရှိနေခဲ့၏။ ပေါလုနှင့် ဗာနဗတို့ သူ၏ကျွန်းကို ဖြတ်သွားခဲ့သည့်ကိစ္စနှင့် သူတို့ ဟောပြောသော သတင်းစကားကို ကြားသိသောအခါတွင်၊ သူသည် သူတို့ အပေါ် သံသယမရှိခဲ့ပေ။ ယခုအချိန်၌ သူတို့ မည်သည့်အရာများ ဟောပြောမည်ကို သူကိုယ်တိုင် ကြားချင်ခဲ့သည်။



သို့သော် ထိုနေရာအထဲတွင် သေရဂိပေါလုကို ဧဝံဂေလိသတင်းစကား မကြားစေချင်သူ ဧလုမ အမည်ရှိသောသူ တစ်ယောက်ရှိ၏။ သူသည် အ ဘယ်သို့သောသူနည်း။ ထိုအတွက် သူ ဘာလုပ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၃း၆-၈။ စာတန်သည် ဧလုမ အားဖြင့် ယေရှုအကြောင်း သက်သေခံခြင်းအကြောင်း တင်ဆက်ခြင်းကို နှောင့်ယှက်နေကြောင်းကို ပေါလု သိခဲ့သည်။ ထိုမင်းအတွက် ယေရှု အကြောင်းကို ကြားဖို့ရန် ဘုရားသခင် အလိုရှိခဲ့ကြောင်းနှင့် ဤအချိန်သည် သူ့အတွက် အခွင့်အရေးတစ်ခုဖြစ်ကြောင်း ပေါလု သိနားလည်ခဲ့သည်။

ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုကို မှုတ်သွင်းပြီး ထိုသူ့အပေါ်စီရင်ရန် အမိန့်ပေးခဲ့သည်။ ထိုအရာသည် အဘယ်အရာဖြစ်သနည်း။ အငယ် ၉၊ ၁၁။ ၎င်းသည် အံ့သွားခဲကြိတ်ခြင်းအားဖြင့် ပြစ်ဒဏ်ခံခဲ့ရ၏။ ဧလုမသည် ပေါလု၏ဩဝါဒပေးသော တရားကို မမြင်ရန် သူ၏မျက်စိပိတ်ထားရန်သာ ရွေးချယ်ခဲ့သည်။ ထိုအချိန်၌ သူ၏မူလ မျက်စိဖြင့်လည်း မမြင်နိုင်တော့ချေ။ ထိုအံ့ဩဖွယ်အမှုကြောင့် မြို့ဝန်မင်းသည် အလွန်အံ့ဩမိန်းမော၍ ယေရှုခရစ်တော်ကို ယုံကြည်ရန် ရွေးချယ်ခဲ့သည်။

ပါဖုမြို့၌ သူတို့၏လုပ်ဆောင်ခြင်းပြီးသောနောက်၊ ပေါလု၊ ဗာနဗနှင့် မာကုတို့သည် ထိုနေရာမှ ၁၈၀ မိုင်ခန့်ဝေးသော အနောက်မြောက်ဘက် ပေရဂေမြို့သို့သွားလေ၏။

မာကုသည် ရှေ့တန်းသာသနာအလုပ်သည် အဘယ်မျှခက်ခဲကြောင်း သဘောပေါက်နားလည်ခဲ့၏။ တခါတရံ သူတို့သည် မောပန်းခြင်း သို့မဟုတ် ဆာငတ်ခြင်း သို့မဟုတ် အအေးဒဏ်တို့ကို ခံစားခဲ့ရ၏။ တခါတရံ၌ သူတို့ခရီးသွားသည်နှင့်အမျှ မိမိတို့သည် အန္တရာယ်ရှိသော အခြေအနေများထဲရောက်နေကြောင်း သိရှိခဲ့ရ၏။ ထိုထက်မက၊ အချို့သောလူများတို့သည် သူတို့၏ သတင်းစကားကို ဝမ်းမြောက်စွာ လက်ခံကြပြီး၊ သို့သော် အများသောလူတို့သည် သူတို့၏လုပ်ဆောင်မှုကို ဆန့်ကျင့်ခဲ့ကြ၏။

မာကုက အနာဂတ်၌ သာ၍ခက်ခဲသောအရာ၊ ယခုသူတို့ကြုံတွေ့ခဲ့သည့် အရာထက် ပြင်းထန်သော ညှဉ်းဆဲခြင်းများ ကြုံတွေ့ရမည်ဖြစ်ကြောင်း မြင်တွေ့ခဲ့၏။ သူ၏သတ္တိလျော့နည်းခြင်းကြောင့် ပေါလုနှင့် ဗာနဗတို့ကို စွန့်ခွာ၍၊ ယေရုရှလင်မြို့သို့ ပြန်လာခဲ့၏။

သို့သော် ဘုရားသခင်သည် မာကုအား မစွန့်ပစ်ခဲ့ချေ။ ထိုနောက်ပိုင်းတွင်၊ ဗာနဗသည် အခြားသောသာသနာခရီးအတွက် မာကုကို ပြန်ခေါ်ခဲ့ပြီး၊ သူသည် ဘုရားသခင်အတွက် တန်ဖိုးရှိသော သာသနာပြုသူဖြစ်လာခဲ့သည်။ (တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၁၁)

**လက်တွေ့ကျင့်သုံးရန် -** သင်အနေဖြင့် မာကု၏နေရာ၌ ရှိနေခဲ့မည်ဆိုလျှင်၊ အဘယ်သို့လုပ်ဆောင်မည်နည်း။ ၎င်းအကြောင်းနှင့် ပတ်သက်၍ အလေးအနက်ထား၍ စဉ်းစားပါ။ ယေရှုခရစ်တော် အကြောင်းကို အခြားသောသူများအားဟောပြောဖို့ရန် ညှဉ်းဆဲခြင်းနှင့် အခက်အခဲတို့ကို သင်ရင်ဆိုင်ဖို့ ဆန္ဒရှိနေပါသလား။

## ဗုဒ္ဓဟူးနေ့ ၊ ဧဝံဂေလိသတင်းစကားကို ဟောပြောခြင်း (တမန်တော်ဝတ္ထု ၁၃း၁၄-၄၄) ၄

မာကုထွက်သွားပြီးနောက်၊ ပေါလုနှင့် ဗာနဗတို့သည် မြောက်ဘက် မိုင် ၁၀၀ ခန့်ဝေးသောနေရာ ပိသိဒိပြည် အန္တိအုတ်မြို့သို့ ဆက်သွားခဲ့ကြ၏။ ထိုနေရာ၌ သူတို့၏သာသနာကို အဘယ်သို့ အစပြုခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၁၃း၁၄။

ကျမ်းစာကို ဖတ်ရွတ်ပြီးနောက်၊ တရားဇရပ်မှူးတို့ (ဥပုသ်နေ့တိုင်း၌ အစီအစဉ်ကို စီစဉ်သောသူများ) သည် လူများအားဝေငှရန် ပေါလုအား ဖိတ်ခေါ်ခဲ့လေ၏။ ယေရှုခရစ်တော်အကြောင်း ဧဝံဂေလိသတင်း စကားကို ပြောဖို့ရန် အခွင့်အရေးရရှိခဲ့သည့်အတွက် ဝမ်းသာစွာဖြင့်၊ ပေါလုသည် ဣသရေလလူမျိုးများ၏ ရာဇဝင်သမိုင်းအကျဉ်းအားဖြင့် အစပြုခဲ့လေ၏။ ဤအရာသည် ယုဒလူမျိုးများ အကြားချင်ဆုံးသောအကြောင်းအရာဖြစ်ခဲ့သည်။ ထို့ကြောင့် ပေါလုသည် သူတို့၏အာရုံစူးစိုက်မှုကို ရရှိခဲ့၏။



ပေါလုသည် စကားဆက်ပြောသည်နှင့်အမျှ၊ ယေရှုသည် မေရှိယသခင်ဖြစ်ကြောင်းနှင့် မေရှိယအကြောင်း ပရောဖက်ပြုချက်တို့ကို တိကျစွာပြည့်စုံခဲ့ကြောင်းကို ပြသခဲ့သည်။ ယေရှုသည် အပြစ်ကင်းစင်သော်ငြားလည်း ယေရုရှလင်မြို့၌ရှိသော ယုဒလူမျိုးခေါင်းဆောင်များက သူ့ကို အသေသတ်ခဲ့ကြကြောင်းကို ပေါလုသည် ရဲရင့်စွာ ကြွေးကြော်ခဲ့လေသည်။ သို့သော် ဘုရားသခင်သည် ယေရှုအား သေခြင်းမှ ထမြောက်စေပြီး၊ သူ့ရှင်ပြန်ထမြောက်ပြီးနောက် မြောက်များစွာလူတို့သည် သူ့ကိုမြင်တွေ့ခဲ့သည်။



ပေါလုသည် ယေရှုခရစ်တော်က မေရှိယသခင်ဖြစ်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြပြီးသောအခါ၊ သူသည် အမှန်တရားဘက်သို့ သွေးဆောင်ခဲ့သည်။ သူဘာပြောခဲ့သနည်း၊ ထို့နောက် သူသည်မည်သည့် သတိပေး ချက် ပေးခဲ့သနည်း။ အငယ် ၃၈-၄၁။

သန့်ရှင်းသောဝိညာဉ်တော်သည် တက်ရောက်လာသူများ၏ စိတ်နှလုံးကို စွဲမှတ်စေခဲ့၏။ ထိုလူများထဲမှ အများတို့သည် မေရှိယသခင်ကို စောင့်နေခဲ့သောသူများဖြစ်၏။ သို့သော် သူတို့သည် ယခုအချိန်တွင် ယေရှုခရစ်တော်အားဖြင့် အဘယ်သို့ ပရောဖက်ပြုချက်များကို ပြည့်စုံနေကြောင်းကို ကြားသိခဲ့ကြသောအခါ ယေရှုသည် ကတိတော်ရှင်ဘုရားဖြစ်ကြောင်း သူတို့ ယုံကြည်ခဲ့ကြလေသည်။

တပါးအမျိုးသားများတို့သည် ပေါလုဟောပြောသော သတင်းစကားဖြစ်သည့် ယေရှုခရစ်တော်၌ ကယ်တင်ခြင်း ဧဝံဂေလိသတင်းစကားသည် ယုဒလူမျိုးများအတွက်သာ မဟုတ်ဘဲ၊ လူတိုင်းအတွက်ဖြစ်ကြောင်းကို ကြားနာခဲ့ရသောအခါ၊ အလွန်ဝမ်းမြောက် ဝမ်းသာခဲ့ကြသည်။ သူတို့သည် ဧဝံဂေလိသတင်းစကားကို အခြားသောသူများအားလည်း ကြားနာစေချင်သောကြောင့် အလွန်စိတ်လှုပ်ရှားခဲ့ကြသည်။ ထို့ကြောင့် သူတို့သည်ပေါလုအား နောက်လာမည့် အပတ် ဥပုသ်နေ့၌ ထိုသတင်းစကားကို တဖန်ဝေငှဖို့ရန် တောင်းဆိုခဲ့ကြ၏။

ထိုအပတ်၌ သူတို့သည် သူတို့ကြားခဲ့ရသောအကြောင်းအရာများကို ဝေငှခြင်းနှင့် သူတို့၏ပတ်ဝန်းကျင်၌ရှိသော မိတ်ဆွေများ၊ အသိများထံသို့ပေါလု၏ ဟောပြောခြင်းကို လာရောက်နားထောင်ဖို့ရန် ဖိတ်ခေါ်ခြင်းများအားဖြင့် အလုပ်များခဲ့ကြလေ၏။ထိုအပတ် ဥပုသ်နေ့တွင် ဘာဖြစ်ပျက်ခဲ့သနည်း။ အငယ် ၄၄။

**လက်တွေ့ကျင့်သုံးရန် -** တခြားသူများအား ၎င်းအကြောင်းကို ပြောဖို့ရန် မစောင့်နိုင်တော့သည်နှင့်အညီ ဥပုသ်နေ့တိုင်း၏ တရားဟောချက်အကြောင်းကို သင်သည် အလွန်စိတ်ပါဝင်စားနေသလား။ နောက်ဆုံးသော ဥပုသ်နေ့၏တရားဟောချက်က အဘယ်အကြောင်းဖြစ်ကြောင်း သင်မှတ်မိနိုင်သေးသလား။ အဘယ်ကြောင့် လာမည့်ဥပုသ်နေ့တွင် ဘုရားသခင်က သင့်ကို စကားလာပြောရန် သင် မတောင်းဆိုခဲ့သနည်း။ ထိုနည်းတူ သင်သည် သင့်မိတ်ဆွေများနှင့်အတူ ဝေမျှနိုင်မည့် ဘုရား သခင်ထံမှ ကောင်းကြီးမင်္ဂလာကို သင်ရရှိဖို့ရန် အဘယ်ကြောင့် မတောင်းဆိုခဲ့သနည်း။

## ကြာသပတေးနေ့ ၊ ဧဝံဂေလိသတင်းစကားကို ငြင်းပယ်ခြင်း (တမန်တော်ဝတ္ထု ၁၃း၄၅-၅၂) ၅

ပိသိဒိပြည်၊ အန္တိအုတ်မြို့၌ရှိသော ပိသိဒိပြည်သားများသည် ပထမအပတ်ဥပုသ်နေ့၌ ပေါလုဝေငှဟောပြောသော အကြောင်းအရာအပေါ် အလွန်စိတ်ပါဝင်စားခဲ့ကြသည်။ နောက်အပတ်ဥပုသ်နေ့၌ တစ်မြို့လုံးနီးပါး ပေါလု၏တရားကို နားထောင်ဖို့ရန် ရောက်လာခဲ့ကြ၏။ ယေရှုခရစ်တော်အကြောင်းဖြစ်သည့် ဧဝံဂေလိသတင်းစကားသည် ယုဒလူမျိုးများအတွက် ကန့်သတ်မထားကြောင်း၊ လူတိုင်းအတွက်ဖြစ်ကြောင်း၊ တနည်းအားဖြင့် ယုဒလူမျိုးများအတွက်သော်၎င်း၊ တပါးအမျိုးသားများအတွက်သော်၎င်း ဖြစ်ကြောင်းကို သိခွင့်ရခဲ့သည့်အတွက် သူတို့သည် အလွန်ကျေးဇူးတင်ခဲ့ကြသည်။

သို့သော် လူအားလုံးသည် မပျော်ရွှင်ခဲ့ပေ။ ယုဒလူမျိုးများသည် ပေါလု၏တရားကို ကြားနာဖို့ရန် လာရောက်သောအချိန် အလွန် များသော တပါးအမျိုးသားများကို မြင်သောအခါ၊ သူတို့သည် အဘယ်သို့တုန့်ပြန်ခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၁၃း၄၅။

သူတို့သည် ထိုနည်းလမ်းအားဖြင့် တုန့်ပြန်နေသည်မှာ အဘယ်မျှလောက်သော ဝမ်းနည်းဖွယ်ရာနည်း။ ကယ်တင်ခြင်းဧဝံဂေလိ သတင်းစကားကို နားထောင်ရန် လူတော်တော်များများ အသင့်ဖြစ်နေသည့်အတွက် သူတို့သည် ဘုရားသခင်ကို ချီးမွမ်းနေခဲ့သင့်သည်။ ထိုသို့ဖြစ်ပျက်နေသည်ကို ပေါလုတွေ့မြင်သောအခါ၊ သူသည် ယုဒလူမျိုးများအား အလွန်ရိုးရှင်းသော စကားအချို့ကို ပြောဆိုခဲ့၏။ ပေါလုသည် သူတို့အား သင်တို့သည် ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သတ်သော ဧဝံဂေလိသတင်းစကားကို ငြင်းပယ်သည့်အချိန်ကတည်းကပင်၊ သူနှင့်ဗာနဗသည် တပါးအမျိုးသားများထံသို့ ယခုကဲ့သို့ လှည့်သွားရသည်ဟု ယုဒလူမျိုးများအား ပြောဆိုခဲ့၏။ အငယ် ၄၆၊ ၄၇။

ယုဒလူမျိုးများထံမှ ဆန့်ကျင်ဘက်ပြုမည့်အစား၊ ပေါလုနှင့် ဗာနဗတို့၏သာသနာပြုခြင်းသည် ထိုနေရာဒေသ၌ အလွန် အောင်မြင်ခဲ့လေ၏။ များစွာသော တပါးအမျိုးသားများသည် ကယ်တင်ခြင်းရဖို့ရန် ယေရှုခရစ်တော်ကို ယုံကြည်ရွေးချယ်ခဲ့ကြပြီး သူတို့သည် “သန့် ရှင်းသောဝိညာဉ်တော်အားဖြင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်နှက်နေခဲ့ကြ၏။”

နောက်ဆုံး၌၊ အဘယ်သို့ဖြစ်စေကာမူ ပေါလုနှင့် ဗာနဗတို့သည် ထိုနေရာမှ ထွက်ခွာရန် တွန်းအားပေးခြင်းခံခဲ့ရလေ၏။ သို့သော် သူတို့သည် စိတ်ပျက်ခြင်းခံစားရမည့်အစား၊ သူတို့သည် တောင်ပေါ်ဒေသနာထဲမှ ညှဉ်းဆဲခြင်းအကြောင်း ယေရှုခရစ်တော် မိန့်တော်မူခဲ့သောအကြောင်းကို